# ရန်ကုန်စတော့အိပ်ချိန်းမှထုတ်ဝေသောသုံးလပတ်သတင်းလွှာ




## • ရန်ကုန်စတော့အိပ်ချိန်း (၇) နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနား ကျင်းပ

ရန်ကုန်စတော့အိပ်ချိန်းသည် ၂၀၁၆ ခုနှစ်၊ မတ်လ (၂၅) ရက်နေ့တွင်ပထမဆုံးစာရင်းဝင်ကုမ္ပဏီဖြစ်သည့် FMI ကုမ္ပဏီ၏ ရှယ်ယာများဖြင့် စတော့ရှယ်ယာ အရောင်းအဝယ်ကို စတင်ခဲ့ပါသည်။ ယခု ၂၀၂၃ ခုနှစ် မတ်လ (၂၅) ရက်ဆိုလျှင် (၇)နှစ်ပြည့် မြောက်ခဲ့ပြီ ဖြစ်ပါသည်။ ဤ သို့ (၇) နှစ်တိုင်တိုင် စတော့ရှယ်ယာအရောင်း အဝယ်များကို ဆောင်ရွက်ခဲ့သည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်စတော့အိပ်ချိန်း (၇) နှစ်ပြည့် နှစ် ပတ်လည် အခမ်းအနားကို (၂၅-၃-၂၀၂၃) တွင် PARKROYAL Yangon Hotel ၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

ယင်းအခမ်းအနားတွင် ဦးမောင်မောင်ဝင်း၊ဒုတိယဝန်ကြီး၊စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန/ဥက္ကဋ္ဌ၊ ငွေချေး သက်သေခံလက်မှတ် လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်မှ ရန်ကုန်စတော့အိပ်ချိန်း၏ (၇) နှစ်တာကာလအတွင်းဖြစ်ပေါ်တိုးတက်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ထို့နောက် ဦးဝင်းနိုင်ဦး၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စီးပွားရေးဘဏ်/မန်နေဂျင်းဒါရိုက်တာ၊ ရန်ကုန်စတော့အိပ်ချိန်း၊ ဦးအေးဝင်း၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကုန်သည်များ နှင့်စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် ဦးဝမ်းတင်၊ ဥက္ကဋ္ဌ ၊မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့ စာရင်းကိုင်များ အသင်း (MICPA)တို့မှ (၇)နှစ်ပြည့် ဆုတောင်းစကားများနှင့် အမှာစကားများ ကို အသီးသီးပြောကြားခဲ့ပါသည်။ ဆက်လက်ပြီး (၇) နှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ကုမ္ပဏီများအတွက် "အနာဂါတ်တိုးတက်မှုနှင့်အရင်းအနှီးရယူရာနည်းလမ်းများ" ဆိုသည့် ခေါင်းစဉ်ဖြင့် စကားဝိုင်း ဆွေးနွေးပွဲတစ်ခုကို လည်း ကျင်းပပြုလုပ်ခဲ့ပါသည်။ ပါဝင်ဆွေးနွေးပေးသူတွေကတော့-

(၁) ဒေါ်တင်မေဦး၊ အကြံပေး၊ SECM
(၂) ဦးမိုးကျော်၊ Managing Partner ၊ Win Thin & Associates
(၃) ဦးသူရိန်အောင်၊Director ၊ MAEX
(၄) ဒေါ်သစ်သစ်အောင်၊ Counsel ၊ Myanmar Legal MHM Limited.
(၅) ဦးသက်ထွန်းဦး၊ အမှုဆောင်အကြီးတန်းမန်နေဂျာ၊ YSX (Moderator)

ထို့အပြင် ရန်ကုန်စတော့အိပ်ချိန်း (၇) နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် (၇) နှစ်တာကာလအတွင်းမှာပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြသောစာရင်းဝင်ကုမ္ပဏီများနှင့်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများကို အထိမ်းအမှတ် လက်ဆောင်များပေးအပ်ခဲ့ပါသည်။

## WHAT'S INSIDE THIS ISSUE:

**(JAN မှ MAR ) သုံးလပတ်သတင်းများ**

- ရန်ကုန်စတော့အိပ်ချိန်း(၇)နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနား ကျင်းပ ပြုလုပ်
- ရန်ကုန်စတော့အိပ်ချိန်း သို့ Y-MAX UNIVERSITY နှင့် SWEETY HOME INDUSTRY CO.,LTD မှ လာရောက်လေ့လာ

*AMATA* JAN| MAR 2023

- စာရင်းစစ်ကော်မတီပြောင်းလဲဖွဲ့စည်းကြောင်း အသိပေးကြေညာခြင်း
- ဘဏ္ဍာရေးစာရင်းရှင်းတမ်းများနှင့် စီမံအုပ်ချုပ်မှုအဖွဲ့၏ဆွေးနွေးမှုများနှင့် လေ့လာဆန်းစစ်ချက်များ (MD & A)ကို ထုတ်ပြန်

## IMPORTANT NEWS ABOUT LISTED COMPANIES:

pg.2

*FMI* JAN| MAR 2023

- လက်အောက်ခံကုမ္ပဏီမှအဆိုပြုထားသည့်ဝယ်ယူမှုကိစ္စနှင့်စပ်လျဉ်း၍ နောက်ဆက်တွဲ အသိပေး ထုတ်ပြန် ကြေညာခြင်း
- ဒါရိုက်တာနှင့် အလှည့်ကျဒါရိုက်တာ တာဝန်မှနုတ်ထွက်ခြင်း နှင့် ခန့်အပ်ခြင်း
- YOMA BANK LIMITED၏မြေယာအဆောက်အဦးဝယ်ယူပြီးစီးကြောင်းအသိပေးထုတ်ပြန်ကြေညာခြင်း

*MCB* JAN| MAR 2023

- ဘဏ်ခွဲအသစ်များဖွင့်လှစ်ကြောင်းအသိပေးကြေညာခြင်း

*FPB* JAN| MAR 2023

- ဆုကြေးအစုရှယ်ယာများထုတ်ဝေခြင်းကိုအသိပေးကြေညာခြင်း
- ဒါရိုက်တာအဖွဲ့အသစ်ပြင်ဆင်ဖွဲ့စည်းခြင်းကို အသိပေးကြေညာခြင်း




## • ရန်ကုန်စတော့အိပ်ချိန်း သို့ Y-MAX University နှင့် Sweety Home Industry Co.,ltd မှ လာရောက်လေ့လာ

Y-MAX University မှ သင်တန်းသား (၅၀) ခန့်ပါဝင်သော လေ့လာရေးအဖွဲ့ နှင့် Sweety Home Industry Co.,ltd မှ အဖွဲ့ဝင် (၁၉) ဦး ပါဝင်သော လေ့လာရေးအဖွဲ့များသည် ရန်ကုန်စတော့အိပ်ချိန်း သို့ မတ်လ (၃) ရက်နေ့နှင့် မတ်လ (၂၂) ရက်နေ့များတွင် လာရောက်လေ့လာခဲ့ပါသည်။လေ့လာရေး ခရီးစဉ်များအတွင်း အမှုဆောင်အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးမှ " Overview of Capital Market" ခေါင်းစဉ်ဖြင့် ပို့ချခဲ့ပြီး ရန်ကုန်စတော့အိပ်ချိန်းတွင် ရှယ်ယာများအရောင်းအဝယ်ပြုလုပ်ပုံကိုလည်းရှင်းပြခဲ့ပါသည်။ တက္ကသိုလ်များနှင့် ပုဂ္ဂလိက ပညာရေး သင်တန်းကျောင်းများမှ လေ့လာရေးအဖွဲ့များကို ရန်ကုန်စတော့အိပ်ချိန်းမှ လက်ခံဆောင်ရွက်ပေးလျက်ရှိပြီးလေ့လာရေးလာရောက်လိုပါကရုံးချိန်အတွင်း ဖုန်း (၀၁-၃၇၁၂၇၄) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# LISTED COMPANY UPDATES (Q4-2022-23)

### • FPB [FEB | 2023]
**ဆုကြေးအစုရှယ်ယာများထုတ်ဝေခြင်းကိုအသိပေးကြေညာခြင်း**

၂၀၂၃ ခုနှစ်၊ဖေဖော်ဝါရီလ(၂၀)ရက်နေ့တွင်FPB ဘဏ်မှ ဆုကြေးအစုရှယ်ယာများထုတ်ဝေခြင်းနှင့် ပတ်သက်၍ အစုရှယ်ယာရှင်များအားအသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန် -https://bit.ly/3LsbyKe

### • FPB [FEB | 2023]
**ဒါရိုက်တာအဖွဲ့အသစ်ပြင်ဆင်ဖွဲ့စည်းခြင်းကို အသိပေးကြေညာခြင်း**

၂၀၂၃ ခုနှစ်၊ဖေဖော်ဝါရီလ(၂၇)ရက်နေ့တွင် FPB ဘဏ်မှ ဒါရိုက်တာအဖွဲ့ အသစ် ပြင်ဆင်ဖွဲ့စည်းခြင်းကို အစုရှယ်ယာရှင်များနှင့်ရင်းနှီးမြှုပ်နှံသူများအားအသိပေးကြေညာခဲ့ပါသည်။အသေးစိတ်ကြည့်ရှုရန်-
https://bit.ly/3LsoFbl

### • AMATA [JAN | 2023]
**စာရင်းစစ်ကော်မတီပြောင်းလဲဖွဲ့စည်းကြောင်းအသိပေးကြေညာခြင်း**

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၈)ရက်နေ့တွင် AMATA ကုမ္ပဏီသည် စာရင်းစစ်ကော်မတီ ပြောင်းလဲဖွဲ့စည်းကြောင်း ကို အများပြည်သူ များထံသို့အသိပေးကြေညာခဲ့ပါသည်။အသေးစိတ်ကြည့်ရှုရန်-
https://bit.ly/41YfhVE

### • AMATA [JAN | 2023]
**ဘဏ္ဍာရေးစာရင်းရှင်းတမ်းများနှင့်စီမံအုပ်ချုပ်မှုအဖွဲ့၏ဆွေးနွေးမှုများနှင့်လေ့လာဆန်းစစ်ချက်များ(MD&A) ကို ထုတ်ပြန်**

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်နေ့တွင် AMATA ကုမ္ပဏီသည် ၂၀၂၂ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ စက်တင်ဘာလ (၃၁)ရက်နေ့ထိ ဘဏ္ဍာရေးစာရင်းရှင်းတမ်းများနှင့်စီမံအုပ်ချုပ်မှုအဖွဲ့၏ဆွေးနွေးမှုများနှင့်လေ့လာဆန်းစစ်ချက်များ (MD & A)ကိုအများပြည်သူဖတ်ရှုနိုင်ရန် ထုတ်ပြန်ခဲ့ပါသည်။အသေးစိတ်ကြည့်ရှုရန်-
https://bit.ly/41Atvft
https://bit.ly/3HdMEeS

### • FMI [FEB | 2023]
**လက်အောက်ခံကုမ္ပဏီမှအဆိုပြုထားသည့်ဝယ်ယူမှုကိစ္စနှင့်စပ်လျဉ်း၍နောက်ဆက်တွဲအသိပေးထုတ်ပြန်ကြေညာခြင်း**

၂၀၂၃ခုနှစ် ဖေဖော်ဝါရီလ (၂၁)ရက် နေ့တွင် FMI ကုမ္ပဏီသည် လက်အောက်ခံ ကုမ္ပဏီမှ အဆိုပြုထားသည့် ဝယ်ယူမှုကိစ္စနှင့် စပ်လျဉ်းသည့် နောက်ဆက်တွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://bit.ly/3n2ieWg

### • FMI [MAR | 2023]
**ဒါရိုက်တာနှင့် အလှည့်ကျဒါရိုက်တာ တာဝန်မှနုတ်ထွက်ခြင်း နှင့် ခန့်အပ်ခြင်း**

၂၀၂၃ခုနှစ် မတ်လ (၁)ရက်နေ့တွင် FMI ကုမ္ပဏီမှ ဒါရိုက်တာနှင့်အလှည့်ကျဒါရိုက်တာများ တာဝန်မှ နုတ်ထွက်ခြင်း၊ တာဝန်ခန့်အပ်ခြင်းများကို အစုရှယ်ယာရှင်များအား အသိပေးကြေညာခဲ့ပါသည်။အသေးစိတ်ကြည့်ရှုရန်; https://bit.ly/3V2KaWu

### • FMI [MAR | 2023]
**YOMA BANK LIMITED ၏ မြေယာအဆောက်အဦးဝယ်ယူပြီးစီးကြောင်းအသိပေးထုတ်ပြန်ကြေညာခြင်း**

၂၀၂၃ခုနှစ်၊ မတ်လ (၃၁)ရက်နေ့တွင် FMI ကုမ္ပဏီမှ Yoma Bank Limited သည် Thanlyin Estate Development Limited နှင့် Star City International School Company Limited တို့ထံမှမြေယာအဆောက်အဦးဝယ်ယူပြီးစီးကြောင်းကိုအများပြည်သူများအားအသိပေးကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်; https://bit.ly/41Vp52x

### • MCB [JAN- MAR | 2023]
**ဘဏ်ခွဲအသစ်များဖွင့်လှစ်ကြောင်းအသိပေးကြေညာခြင်း**

MCB ဘဏ်မှ ဘဏ်ခွဲအသစ်များ ဖွင့်လှစ်ခြင်းကို ၊ ဇန်နဝါရီလ (၃)၊ ဖေဖော်ဝါရီလ (၃) ရက် နှင့် မတ်လ (၈) ရက်နေ့များတွင် အများပြည်သူ၊ အစုရှယ်ယာရှင်များ သိရှိနိုင်ရန် အသိပေး ကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်; https://bit.ly/40BBvLO
https://bit.ly/30vHdBx
https://bit.ly/30EUMyT

# YSX QUARTERLY MARKET SUMMARY (Q4-2022-23)


## ၂၀၂၂-၂၃ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ

| STAISTICS AT A GLANCE (MAIN BOARD) | Q3-22/23 (OCT - DEC) | Q4-22/23 (JAN- MAR) | % CHANGE |
|---|---|---|---|
| အရောင်းအဝယ်ပြုလုပ်သည့် ရက်စုစုပေါင်း | 60 | 62 | |
| စာရင်းဝင်ကုမ္ပဏီအရေအတွက် | 7 | 7 | |
| (31-3-2023) စတော့အညွှန်းကိန်း (MYANPIX) | 396.62 | 365.17 | (8%) |
| အရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာစောင်ရေစုစုပေါင်း | 305567 | 316734 | 4% |
| နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာစောင်ရေ | 5093 | 5109 | 0.31% |
| အရောင်းအဝယ်ဖြစ်မြောက်သည့် စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း (ကျပ်သန်းပေါင်း) | 1648 | 1137 | (31%) |
| နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့် စတော့ရှယ်ယာတန်ဖိုး (ကျပ်သန်းပေါင်း) | 27.47 | 18.33 | (33%) |
| (31-3-2023) ဈေးကွက်တန်ဖိုးစုစုပေါင်း (ကျပ်သန်းပေါင်း) | 689966 | 643468 | (7%) |

# QUARTERLY STOCK PERFORMANCE (Q4-2022-23)


## ၂၀၂၂-၂၃ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်အတွင်း စတော့ရှယ်ယာများ၏ဈေးနှုန်းအတက်အကျအားတင်ပြခြင်း

### FMI




ရှယ်ယာစောင်ရေစုစုပေါင်း - 25270
တန်ဖိုးစုစုပေါင်း ( ကျပ်သန်းပေါင်း) - 212.66

### MTSH




ရှယ်ယာစောင်ရေစုစုပေါင်း - 100104
တန်ဖိုးစုစုပေါင်း ( ကျပ်သန်းပေါင်း) - 318.58

### MCB




ရှယ်ယာစောင်ရေစုစုပေါင်း - 28519
တန်ဖိုးစုစုပေါင်း ( ကျပ်သန်းပေါင်း) - 210.74

### FPB




ရှယ်ယာစောင်ရေစုစုပေါင်း - 142434
တန်ဖိုးစုစုပေါင်း ( ကျပ်သန်းပေါင်း) - 319.42

### TMH




ရှယ်ယာစောင်ရေစုစုပေါင်း - 3916
တန်ဖိုးစုစုပေါင်း ( ကျပ်သန်းပေါင်း) - 10.09

### EFR





ရှယ်ယာစောင်ရေစုစုပေါင်း - 6929
တန်ဖိုးစုစုပေါင်း ( ကျပ်သန်းပေါင်း) - 18.16

### AMATA




ရှယ်ယာစောင်ရေစုစုပေါင်း - 9562
တန်ဖိုးစုစုပေါင်း ( ကျပ်သန်းပေါင်း) - 46.86

### MYANPIX




ရှယ်ယာစောင်ရေစုစုပေါင်း - 316734
တန်ဖိုးစုစုပေါင်း ( ကျပ်သန်းပေါင်း) - 1136.52

<END>